**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် ရယူရန် လိုအပ်သည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများ သတ်မှတ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက်ရယူရန် လိုအပ်သည့် **စီးပွားရေးလုပ်ငန်း** အမျိုးအစားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည် -

| **အမှတ်စဉ်** | **စီးပွားရေးလုပ်ငန်း အမျိုးအစား** |
|---|---|
| (၁) | (၂) |
| ၁ | ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၂ | ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ တူးဖော် ထုတ်လုပ်ခြင်း၊ ရေနံချက်စက်ရုံ သို့မဟုတ် ရေနံဓာတုဗေဒစက်ရုံ တည်ဆောက် အကောင်အထည်ဖော် ခြင်းလုပ်ငန်း |
| ၃ | အကြီးစား ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်းလုပ်ငန်း |
| ၄ | ရေအားလျှပ်စစ်နှင့် အခြားအကြီးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ မဟာဓာတ် အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်း |
| ၅ | ရေနံပိုက်လိုင်း၊ သဘာဝ ဓာတ်ငွေ့ ပိုက်လိုင်း ဖောက်လုပ် သွယ်တန်း တည်ဆောက်ခြင်း လုပ်ငန်း |
| ၆ | အကြီးစား မြစ်ကူးတံတား၊ ခုံးကျော် တံတား၊ အဝေးပြေး လမ်းမ၊ ရထားလမ်း၊ ဆိပ်ကမ်းလုပ်ငန်း၊ သင်္ဘောကျင်းလုပ်ငန်း၊ လေဆိပ်၊ လေယာဉ်ပြေးလမ်း တည်ဆောက်ခြင်း၊ ရေသွယ်မြောင်းကြီးများ ရှည်လျားစွာ တူးဖော် သွယ်တန်းခြင်း၊ အကြီးစား မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၇ | ဆေးဝါး၊ ဓာတုပစ္စည်းနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၈ | ဘက်ထရီ ထုတ်လုပ်ခြင်းလုပ်ငန်း |

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်း အမျိုးအစား |
|---|---|
| (၁) | (၂) |
| ၉ | အကြီးစားစက္ကူပျော့ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၀ | အကြီးစားချည်မျှင်နှင့် အထည်ထုတ်လုပ်ခြင်းနှင့် ဆေးဆိုးခြင်းနှင့် အထည်အချောကိုင်ခြင်းလုပ်ငန်း |
| ၁၁ | သံ၊ သံမဏိနှင့်သတ္တု အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၂ | ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၃ | အရက်၊ ဘီယာ၊ အရက်ပြန် ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၄ | ရေနံ/ စက်သုံးဆီအမျိုးမျိုး/ ဓာတ်မြေဩဇာ/ ဖယောင်း/ အရောင်တင်ဆီ အမျိုးမျိုး ထုတ်လုပ် ခြင်းများ အပါအဝင် ရေနံဓာတုဗေဒလုပ်ငန်း |
| ၁၅ | သကြားစက် အပါအဝင် အကြီးစား စားသောက်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၆ | သားရေထည်၊ ရော်ဘာပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၇ | အကြီးစား ရေချို၊ ရေငန် ငါး၊ ပုစွန်နှင့် ရေသတ္တဝါ မွေးမြူ ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၈ | အကြီးစားသစ်အခြေခံ စက်မှုလုပ်ငန်း |
| ၁၉ | အကြီးစားအိမ်ရာ စီမံကိန်း၊ စက်မှုဇုန် တည်ဆောက်ခြင်းလုပ်ငန်း |
| ၂၀ | အကြီးစားဟိုတယ်နှင့် ခရီးသွား အပန်းဖြေနေရာများ၊ အပန်းဖြေစခန်းများ တည်ဆောက်ခြင်း |
| ၂၁ | ယဉ်ကျေးမှုအမွေအနှစ်၊ ရှေးဟောင်း သုတေသနဆိုင်ရာနှင့် ထင်ရှားသော ပထဝီဝင်ဆိုင်ရာ အထိမ်းအမှတ်နေရာများတွင် လုပ်ငန်း ဆောင်ရွက်ခြင်း |
| ၂၂ | ရေတိမ်ဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၃ | ထိခိုက်ပျက်စီးလွယ်သော ဂေဟ စနစ် တည်ရှိရာ နေရာဒေသများတွင် လုပ်ငန်း ဆောင်ရွက်ခြင်း |
| ၂၄ | အမျိုးသားဥယျာဉ်၊ သဘာဝ ဘေးမဲ့တောနှင့် ကာကွယ်ထားသော နေရာများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်း အမျိုးအစား |
|---|---|
| (၁) | (၂) |
| ၂၅ | မျိုးသုဉ်းရန် အန္တရာယ်ရှိသည့် တိရစ္ဆာန် နှင့် အပင်များနှင့် ယင်းတို့၏ နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၆ | ဆိုင်ကလုန်းမုန်တိုင်းများ၊ လေပြင်း မုန်တိုင်းများ ကျရောက်လေ့ရှိပြီး ရေကြီးရေလျှံခြင်း ဖြစ်ပွားလေ့ရှိသည့် ရခိုင်ကမ်းရိုးတန်းဒေသ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသစသည့် သဘာဝ ဘေးအန္တရာယ် ကျရောက်နိုင်သည့် နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၇ | အများပြည်သူ သောက်သုံးရေ အတွက် အဓိကအရင်းအမြစ်နေရာများ၊ ရေကန်ကြီးများနှင့် ရေလှောင်ကန်ကြီးများ၏ အနီးပတ်ဝန်းကျင်နေရာများတွင် လုပ်ငန်း ဆောင်ရွက်ခြင်း |
| ၂၈ | အပန်းဖြေ အနားယူရန် သတ်မှတ်ထားသည့် နေရာများ၊ ပုလဲမွေးမြူ ထုတ်လုပ်သည့် နေရာနှင့် အနီးပတ်ဝန်းကျင်နေရာများတွင် လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂၉ | စိုက်ပျိုးမြေဓါတုဗေဒပစ္စည်း ဓါတ်မြေဩဇာ များပြားစွာ သုံးနှံ စိုက်ပျိုး ထုတ်လုပ်ခြင်း |
| ၃၀ | အကြီးစား သစ်တော စိုက်ခင်းနှင့် စက်မှုကုန်ကြမ်းစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်း |

(ဇေယျာအောင်)
ဥက္ကဋ္ဌ

စာအမှတ်၊ ရကာ-၆/၁ / ၂၀၁၄ ( ၀၀၄၃ )
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်